ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့
ထားဝယ်မြို့

စာအမှတ်၊ ၆၃၇ /၇၀၀(၅)/ ၁-၇/ အဖရ (တနင်္သာရီ)
ရက်စွဲ ၊ ၂၀၁၈ ခုနှစ် ၊ ဇန်နဝါရီလ ၂၃ ရက်

သို့
ညွှန်ကြားရေးမှူး
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
ရန်ကုန်မြို့

အကြောင်းအရာ ။ အဆိုပြုလွှာပေးပို့ခြင်းကိစ္စ

ရည် ညွှန်း ချက် ။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၊ ရန်ကုန်မြို့၏ (၅.၅.၂၀၁၇)ရက်စွဲပါ စာအမှတ်၊ မရက-၅(အ)/ န-ထွေ/ ၂၀၁၇(၂၀၂)

၁။ တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းခရိုင်၊ ကော့သောင်းမြို့နယ်တွင် ရေပေးဝေရေးအတွက် Good Water (Kawthoung) Co.,Ltdအား သစ်တောကြိုးဝိုင်းမြေ အသုံးပြုခွင့်နှင့်ရင်းနှီးမြှုပ်နှံမှုဥပဒေအရ ဆောင်ရွက်ခွင့်ပြုရေးအတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ကော်မရှင်သို့ သတ်မှတ်အဆိုပြုချက်ပုံစံ၊ မြေအသုံးပြုခွင့်လျှောက်ထားလွှာပုံစံ၊ မြေငှားစာချုပ်(မူကြမ်း)၊ B.O.T စာချုပ်(မူကြမ်း)တို့ဖြင့်တင်ပြရမည်ဖြစ်ပါကြောင်း ရည်ညွှန်းပါစာဖြင့် အကြောင်းကြားလာပါသည်။

၂။ သို့ဖြစ်ပါ၍ တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းခရိုင်၊ ကော့သောင်းမြို့နယ်တွင် ရေပေးဝေရေးအတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် Good Water (Kawthoung) Co.,Ltd တို့အကြားချုပ်ဆိုမည့် မြေငှားစာချုပ်(မူကြမ်း)၊ B.O.T စာချုပ်(မူကြမ်း)နှင့်အတူ အဆိုပြုလွှာအား ပူးတွဲပေးပို့တင်ပြအပ်ပါသည်။

ပူးတွဲပါ - မြေငှားစာချုပ်(မူကြမ်း)၊ B.O.T စာချုပ်(မူကြမ်း) } (၃)အုပ်
Good Water (Kawthoung) Co.,Ltd ၏အဆိုပြုလွှာ } (၁)အုပ်

ဝန်ကြီးချုပ်(ကိုယ်စား)
(ဟိုပင်၊ လူမှုရေးနှင့်စည်ပင်သာယာရေးဝန်ကြီး)

မိတ္တူကို
Good Water (Kawthoung) Co.,Ltd ၊ ကော့သောင်းမြို့
လက်ခံစာတွဲ
မျှောစာတွဲ

ဍ ၄ / ၂၁၈၄၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
ပြည်ထောင်စုဝန်ကြီးရုံး

DI-2886
6.8.18

ဝင်စာအမှတ်	M4-0770
ရက်စွဲ	7.8.2018

စာအမှတ် (သစ်တော)၃(၂)/၁၆(ဃ)(၂၇၇၄ /၂၀၁၈)

ရက်စွဲ ၊ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၂ ရက်

သို့

✓မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

အကြောင်းအရာ။ **ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် Good Water(Kawthoung) Co., Ltd. မှ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ Treated Water Supply လုပ်ငန်းကို B.O.T စနစ်ဖြင့် ဆောင်ရွက်ခွင့်ပြုပါရန် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့မှတစ်ဆင့် အဆိုပြုတင်ပြလာခြင်းကိစ္စ**

ရည်ညွှန်းချက် ။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၂၉- ၅- ၂၀၁၈ ရက်စွဲပါစာအမှတ်၊ မရက-၅(အ)/ ခ-၀၁၃/ ၂၀၁၈(၁၈၅)

၁။ ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် ထိုင်းနိုင်ငံ Good Water Coorporation Co.,Ltd. မှ (၉၄%) နှင့် မြန်မာနိုင်ငံ Mahar Construction Co.,Ltd. မှ (၆%) ထည့်ဝင်၍ Good Water (Kawthoung) Co.,Ltd. တည်ထောင်ကာ တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းခရိုင်၊ ကော့သောင်းမြို့နယ်ရှိ မြေဧရိယာ ၁၉၈.၉၀၉ ဧကပေါ်တွင် B.O.T စနစ်ဖြင့် ငှားရမ်း၍ Treated Water Supply လုပ်ငန်းအား မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု နည်းဥပဒေ ၄၄ အရ မြေငှားရမ်းခြင်းကိစ္စအား သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့် ကုမ္ပဏီတို့ ညှိနှိုင်းပြီးမှသာ မြေငှားစာချုပ် ချုပ်ဆိုမည့် (မူကြမ်း)နှင့်အတူ အကြောင်းကြားပေးပါရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ရည်ညွှန်းစာဖြင့် ပေးပို့လာပါသည်။

၂။ အဆိုပါကိစ္စနှင့်ပတ်သက်၍ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနနှင့် ကုမ္ပဏီတို့ တွေ့ဆုံဆွေးနွေးခဲ့ရာ မြေငှားရမ်းခနှုန်းထားကို တစ်နှစ်လျှင် (၁) ဧက ၁၀၀,၀၀၀/-ကျပ်နှုန်းဖြင့် ပေးဆောင်ရန် သဘောတူညီပါသဖြင့် သစ်တောဦးစီးဌာနနှင့် ကုမ္ပဏီတို့အကြား ချုပ်ဆိုမည့် သဘောတူ ရေးဆွဲပြီးဖြစ်သည့် မြေငှားရမ်းစာချုပ် (မူကြမ်း)ကို ပူးတွဲပေးပို့အပ်ပါသည်။

၂/၈/၂၀၁၈

ပြည်ထောင်စုဝန်ကြီး(ကိုယ်စား)
(ဝင်းဇော်၊ ဒုတိယအမြဲတမ်းအတွင်းဝန်)

မိတ္တူကို
ညွှန်ကြားရေးမှူးချုပ်
သစ်တောဦးစီးဌာန

D:\2@18\Aug\to (MIC) Good Water (Treated Water Supply).docx:1

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

သစ်တောဦးစီးဌာန

နှင့်

“Good Water (Kawthoung) Company Limited တို့အကြား

ချုပ်ဆိုမည့်စာချုပ်"

.... ခုနှစ်၊ ....လ

သစ်တောဦးစီးဌာန

နှင့်

Good Water (Kawthoung) Company Limited တို့အကြား ချုပ်ဆိုသည့်

ပါချန်ကြိုးဝိုင်းတောမြေ ဧရိယာ(၁၉၈.၉၀၉)ဧက ငှားရမ်းလုပ်ကိုင်ခြင်းဆိုင်ရာ

သဘောတူစာချုပ်"

ဤသဘောတူစာချုပ်ကို .... ခုနှစ်၊ ....လ၊ .... ရက်နေ့၌ နေပြည်တော်တွင် ဒေါက်တာညီညီကျော်၊ ညွှန်ကြားရေးမှူးချုပ်၊ သစ်တောဦးစီးဌာန ကိုယ်စားပြုသော သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ (နောင်တွင် "အငှားချထားသူ"ဟု ခေါ်ဆိုရမည်ဖြစ်ပြီး၊ ယင်းစကားရပ်တွင် ၎င်း၏ဆက်ခံသူများနှင့် ဥပဒေအရ လွှဲအပ်ခြင်းခံရသူများ ပါဝင်သည်ဟု မှတ်ယူရမည်)က တစ်ဖက်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ မြကန်သာအိမ်ယာနေ ဦးထွန်းအေး၊ ဒါရိုက်တာ [နိုင်ငံသားစိစစ်ရေးအမှတ်- ၆/ကသန(နိုင်)၀၀၅၃၄၉] ကိုယ်စားပြုသော Good Water(Kawthoung)Company Limited(G.W.K) (နောင်တွင်" အငှားချထားခြင်းခံရသူ" ဟု ခေါ်ဆိုရမည်ဖြစ်ပြီး၊ ယင်းစကားရပ်တွင် ၎င်း၏ တရားဝင် ကိုယ်စားလှယ်များ၊ ဆက်ခံသူများနှင့် ဥပဒေအရလွှဲ အပ်ခံရသူများ ပါဝင်သည် ဟု မှတ်ယူရမည်)တို့က အခြား တစ်ဖက်တို့သည် အောက်ဖော်ပြပါ သဘောတူညီချက်များနှင့်အညီ ဤမြေငှားရမ်းခြင်း သဘောတူစာချုပ်(သဘောတူစာချုပ်)ကို ချုပ်ဆိုကြပါသည်။

၁။ ရည်ရွယ်ချက်

ဤ သဘောတူစာချုပ်ကို ချုပ်ဆိုသည့် ရည်ရွယ်ချက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

"အငှားချထားခြင်းခံရသူ" သည် "အငှားချထားသူ" ပိုင်ဆိုင်သော တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့နယ်တွင် တည်ရှိသည့် ပါချန်ကြိုးဝိုင်း မြေဧရိယာ(၁၉၈.၉၀၉)ဧကတွင် ကော့သောင်းမြို့ ရေပေးဝေရေးလုပ်ငန်းကို ဝန်ဆောင်မှုပေးရန် ရည်ရွယ်ပါသည်။

၂။ အာမခံခြင်းနှင့် ကိုယ်စားပြုခြင်း

"အငှားချထားသူ" သည် ဤသဘောတူစာချုပ်၏ -

(၁) နောက်ဆက်တွဲ(က)ဖြင့် ဖော်ပြထားသော အတည်ပြုပြီး မြေပုံပါ မြေကွက်နှင့် ပတ်သက်၍ တရားဝင်ဆောင်ရွက်ခွင့်ရှိကြောင်း အာမခံပါသည်။

(၂) အငှားချထားသူနှင့် အငှားချထားခြင်းခံရသူတို့သည် သက်ဆိုင်ရာ တည်ဆဲဥပဒေများအရ ဖွဲ့စည်းထား၍ အခွင့်အာဏာ အပ်နှင်းခြင်းခံရသော တရားဝင် ရပ်တည်ခွင့်ရှိသူများ ဖြစ်ကြပါသည်။ ဤသဘောတူစာချုပ်ပါ လုပ်ငန်းကို လုပ်ကိုင်ခွင့်ရှိသော ပုဂ္ဂိုလ်များဖြစ်ကြောင်းနှင့် ဤသဘောတူစာချုပ်ကို ချုပ်ဆိုရန် အခွင့်အာဏာ ရှိသူများ၊ ငွေကြေးအင်အား တောင့်တင်းသူများဖြစ်ကြောင်း အသီးသီးကိုယ်စားပြု အာမခံကြပါသည်။

၃။ ငှားရမ်းခနှင့် ငှားရမ်းသည့် သက်တမ်းကာလ

(က)"အငှားချထားခြင်းခံရသူ"မှ "အငှားချထားသူ"သို့ တစ်နှစ်ငှားရမ်းခအဖြစ် မြေ(၁) ဧကလျှင် မြန်မာကျပ်ငွေ (၁၀၀,၀၀၀/-)နှုန်းဖြင့် မြေဧရိယာ(၁၉၈.၉၀၉)ဧကအတွက် တစ်နှစ်ငှားရမ်းငွေကျပ် ၁၉,၈၉၀,၉၀၀/- (ကျပ် တစ်ရာကိုးဆယ့်ရှစ်သိန်းကိုးသောင်း ကိုးရာ တိတိ)ကို နှစ်စဉ် ပေးသွင်းရမည်။

(ခ) အငှားချထားသည့်ကာလကို ကနဦးသက်တမ်း (......)နှစ်သတ်မှတ်ပြီး နှစ်ဦးနှစ်ဖက် ညှိနှိုင်း၍ နောက်ထပ်သက်တမ်းတစ်ကြိမ်လျှင် (၅)နှစ်နှင့် သက်တမ်း(၂)ကြိမ်အထိ ဆက်တိုက် သက်တမ်း တိုးမြှင့်နိုင်သည်။

၄။ မြေငှားရမ်းခြင်းအတွက် ငွေပေးသွင်းမှုနှင့် ယင်း၏စည်းကမ်းသတ်မှတ်ချက်များ

(က) "အငှားချထားခြင်းခံရသူ"သည် ပထမနှစ်အတွက် မြေငှားရမ်းခများကို "အငှားချထားသူ" ထံသို့ ဤသဘောတူစာချုပ်ကို နှစ်ဦးနှစ်ဖက် လက်မှတ်ရေးထိုးသည့် နေ့ရက်တွင် ပေးသွင်းရမည်။ နောက်နှစ်များတွင်လည်း နှစ်စဉ် ငှားရမ်းနှစ် မစတင်မီ ရက်ပေါင်း (၃၀)အတွင်း ကြိုတင်ပေးသွင်းသွားရမည်။ အကယ်၍ သတ်မှတ် ကာလထက် နောက်ကျ ပြီးပေးသွင်းပါက တစ်ရက်လျှင် ဒဏ်ကြေးငွေ ကျပ် (၅,၀၀၀/-) နှုန်း ပေးဆောင်ရပါမည်။

(ခ) အထက်အပိုဒ် ၃(က)ပါ ငှားရမ်းခနှုန်းထားပေးဆောင်ရမည့်ကာလမှာ .... ခုနှစ်၊ ......လ၊ .... ရက်မှ ...... ခုနှစ်၊ .....လ ..... ရက် အထိ (၅)နှစ်ဖြစ်ပါသည်။

(ဂ) ငှားရမ်းခနှုန်းထားကို (၅)နှစ်လျှင် တစ်ကြိမ်ပြင်ဆင်ချုပ်ဆိုသွားမည်ဖြစ်ပြီး စာချုပ် ပြန်လည် ချုပ်ဆိုစဉ် ကာလဒေသပေါက်ဈေးအရ နှစ်ဖက် ညှိနှိုင်း၍ နောက်ဆုံး ငှားရမ်းခ၏ အနည်းဆုံး (၁၀%)ရာခိုင်နှုန်းဖြင့် ပြန်လည် သတ်မှတ်သွားမည်ဖြစ် ပါသည်။

၅။ အငှားချထားသူ၏ တာဝန်ဝတ္တရားများ

"အငှားချထားသူ" သည် အောက်ပါဝတ္တရားများကို လိုက်နာရမည် -

(က) သက်ဆိုင်ရာအာဏာပိုင်များထံမှ လိုအပ်သော ခွင့်ပြုချက်များ ရရှိရန်အတွက် ကူညီ ဆောင်ရွက်ပေးရမည်။

(ခ) "အငှားချထားခြင်းခံရသူ"က လိုအပ်သော ခွင့်ပြုချက်များ၊ မှတ်ပုံတင်များ၊ လိုင်စင် များ၊ အခြားလိုအပ်သော အချက်အလက်များကို သက်ဆိုင်ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ အဖွဲ့အစည်းများထံမှ ရယူရာတွင် ကူညီဆောင်ရွက် ပေးရမည်။

(ဂဂ) နေရပ်လိပ်စာ အမှတ်-၃၃၆၊ အေးသာယာလမ်း၊ မဲလီဝမ်ရပ်ကွက်၊ ကော့သောင်းမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး

(၄) မြေအမျိုးအစား အစိုးရမြေ နှင့် ပုဂ္ဂလိကပိုင်မြေ

(၅) မြေငှားဂရန် ခွင့်ပြုကာလ -

(၆) ငှားရမ်းမည့်ကာလ -

(၇) ငှားရမ်းခနှုန်းထား -

(ကက) မြေ -

(ခခ) အဆောက်အအုံ

(၈) ရပ်ကွက်

(၉) မြို့နယ် ကော့သောင်းမြို့နယ်

(၁၀) ပြည်နယ်/တိုင်းဒေသကြီး တနင်္သာရီတိုင်းဒေသကြီး

(၁၁) ငှားရမ်းမည့်ပုဂ္ဂိုလ်

(ကက) အမည်/ ကုမ္ပဏီအမည်/ဌာန Good Water (Kawthoung) Co., Ltd.

(ခခ) အဖအမည် -

(ဂဂ) နိုင်ငံသား -

(ဃဃ) နိုင်ငံကူးလက်မှတ်အမှတ်/ နိုင်ငံသားစိစစ်ရေးကဒ်အမှတ် -

(ငင) နေရပ်လိပ်စာ အမှတ်-၄၈၊ ဒုတိယထပ်၊ ၁၆၄ လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

(ဂ) ဆောက်လုပ်မည့်အဆောက်အအုံလိုအပ်ချက်

(၁) အဆောက်အအုံအမျိုးအစား/အရေအတွက် -

(၂) အကျယ်အဝန်း -

(ဃ) နှစ်စဉ်ထုတ်လုပ်မည့် ကုန်ပစ္စည်း/ဝန်ဆောင်မှု -

(င) နှစ်စဉ် လျှပ်စစ်ဓါတ်အားလိုအပ်ချက် -

(စ) နှစ်စဉ် ရေလိုအပ်ချက် ၄,၂၀၉,၀၀၀ cubic meter of Raw Water

မှတ်ချက်။ အပိုဒ်၁၂(ခ)နှင့်စပ်လျဉ်း၍အောက်ပါအချက်များပူးတွဲတင်ပြရန်-

(၁) မြေပိုင်ဆိုင်မှု/မြေဂရန်အထောက်အထား(စက်မှုဇုန်မှ အပ)နှင့်မြေပုံ

(၂) မြေငှားစာချုပ်(မူကြမ်း)

၁၃။ ငွေကြေးပိုင်ဆိုင်မှုနှင့် ပတ်သက်၍ အသေးစိတ်ဖော်ပြချက်-